**ကုန်သွယ်ရေးဝန်ကြီးဌာန နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်" ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခြင်းနှင့် ပတ်သက်သည့် ကြေငြာချက်**

**ဤစာတမ်းသည် ဝန်ကြီးဌာနများမှ တရားဝင် ဘာသာပြန်ဆိုထားခြင်းမဟုတ်ပေ။ မူလ တရုတ်ဘာသာ ကြေငြာချက်ကို http://www.mofcom.gov.cn/article/b/bf/201302/20130200039930.shtml တွင် ရယူနိုင်ပါသည်။**

ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများ၊ မြို့ပြ အုပ်ချုပ်ရေးဌာနများ၊ ဗဟိုအုပ်ချုပ်ရေး မြို့ပြ အားလုံးတို့၏ ကုန်သွယ် ရေးဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးဌာန နှင့် ရှင်းဂျန်း ထုတ်လုပ်ရေး နှင့် ဆောက်လုပ်ရေး ကုမ္ပဏီ၊ နှင့် ဗဟို နိုင်ငံတော်ပိုင် ကုမ္ပဏီများ၊

မိမိတို့၏ ကုမ္ပဏီများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင် ရာ ကျင့်စဉ်များကို ပိုမိုကျင့်သုံးလာစေရေးအတွက် လမ်းညွှန်ရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လူမှု ရေးဆိုင်ရာ တာဝန်ယူမှုများတွင် ဦးဆောင်ရန်၊ မိမိတို့၏ ကုမ္ပဏီများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး များ၏ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးများကို မြင့်တင်ရန် "နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက် ရေးတို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက် (လမ်းညွှန်ချက် ဟု ဆက်လက်ခေါ်ဆိုသွားမည်)" ကို ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

မိမိတို့၏ ကုမ္ပဏီများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးများ ပိုမိုအားကောင်းလာစေရန်၊ နှစ်ဦးနှစ်ဖက် အကျိုးအမြတ်အတွက် ဆောင်ရွက်ရာတွင် အိမ်ရှင်နိုင်ငံတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို နားလည် လိုက်နာဆောင်ရွက်ရန်တို့အတွက် ဤလမ်းညွှန်ချက်နှင့် ပတ်သက် သည့် မြင့်တင်ရေးများ၊ စည်းရုံးလှုံ့ဆော်ရေးများပြုလုပ်သွားရန် အစိုးရအဆင့်ဆင့်တို့၏ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးဌာနတို့ကို တောင်းဆိုအပ်ပါသည်။

ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးဌာန (ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ၂၀၁၃ ခုနှစ်)

**နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက် ရေးတို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်**

၁။ တရုတ်နိုင်ငံ၏ကုမ္ပဏီများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးများ ပိုမိုအားကောင်းလာစေရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို အချိန်မှီ ဖော်ထုတ်ရန်နှင့် ရှောင်ရှားရန်၊ မိမိ တို့၏ ကုမ္ပဏီများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လူမှုရေးဆိုင်ရာ တာဝန်ယူမှုများတွင် တက်ကြွ စွာ ဆောင်ရွက်ရေးအတွက် ဦးဆောင်ရန်၊ နိုင်ငံတကာအဆင့်တွင် တရုတ်ကုမ္ပဏီများ၏ အမည်ကောင်းများတည်ဆောက်ရန် နှင့် အိမ်ရှင်နိုင်ငံတို့၏ တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးများကို အထောက်အကူပြုရန် ဤ လမ်းညွှန်ချက်ကို ထုတ်ပြန် ကြေငြာလိုက်ပါသည်။

၂။ ဤလမ်းညွှန်ချက်သည် တရုတ်ကုမ္ပဏီများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပူးဆောင်ရွက်ရေးများ၏ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးများအတွက် အကြံုးဝင်သည်။ ကုမ္ပဏီများ ဤလမ်းညွှန်ချက်များကို လေးနက်စွာ လိုက်နာကျင့်သုံး သင့်သည်။

၃။ မိမိတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ တာဝန်များကို ထမ်းဆောင်နေချိန်တွင် ကုမ္ပဏီများအနေဖြင့် အိမ်ရှင် နိုင်ငံအတွင်းရှိ လူမှုအသိုင်းအဝိုင်းတို့၏ ဘာသာရေးယုံကြည်မှုများ၊ ယဉ်ကျေးမှုဓလေ့များနှင့် တိုင်းရင်းသား ထုံးတမ်းစဉ်လာ များကို လေးစားသမှုပြုခြင်း၊ အလုပ်သမားတို့၏ တရားဝင်အခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ ဒေသခံ ပြည်သူများ အတွက် အလုပ်လုပ်ပိုင်ခွင့်နှင့် အလုပ်များ ပြန်လည်လုပ်ကိုင်ပိုင်ခွင့်တို့အတွက် သင်တန်းများပေးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြင့်တင်ရာတွင် ဒေသအတွင်း စီးပွားရေး လည်ပတ်မှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းတို့နှင့် အံ့ဝင်ခွင်ကျစွာ လုပ်ကိုင်ခြင်း၊ နှစ်ဦးနှစ်ဖက် အကျိုး၊ အမြတ်ရရှိရေးမူအပေါ် အခြေခံ၍ လုပ်ဆောင်ခြင်းများကို တိုက်တွန်းသည်။

၄။ သဘာဝပတ်ဝန်းကျင်အပေါ် မိတ်ဖြစ်ခြင်း နှင့် အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့်အတွေးအခေါ်များ အပေါ် အခြေခံ၍ ကုမ္ပဏီများအနေဖြင့် ကာဗွန်ဒိုင်အောက်စိုက်ဓါတ်ထုတ်လွှင့်မှုနည်းသည့် အစိမ်းရောင် စီးပွားရေးများကို ဖန် တီးခြင်း၊ တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေး ဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ နှစ်ဘက်လုံး အကျိုးရှိမည့် "နိုင်–နိုင်" ဗျူဟာများကို အသုံးပြု ဆောင်ရွက်သင့်သည်။

၅။ ကုမ္ပဏီများအနေဖြင့် အိမ်ရှင်နိုင်ငံတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို နားလည်၊ လိုက်နာ ဆောက်ရွက်သင့်သည်။

ကုမ္ပဏီများအနေဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်လိုသော စီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ် သက်သည့် သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို အိမ်ရှင်နိုင်ငံတို့၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများတို့နှင့်အညီ ဒေသခံ အစိုးရ များထံ လျှောက်ထားတောင်းဆိုသင့်သည်။

၆။ ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ ဗျူဟာများ၊ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များတွင် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးများကို ထည့်သွင်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ပျိုးထောင်ရေး၊ ကျန်းမာ ရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စီမံခန့်ခွဲရေးတို့တွင် ကိုက်ညီသင့်လျော်သည့် စည်းမျဉ်းစည်းကမ်းများနှင့် စနစ်များကို ချမှတ်ခြင်းများ ပြုလုပ်သင့်သည်။

၇။ ကုမ္ပဏီများအနေဖြင့် အလုပ်သမားများအတွက် သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင် လုံခြုံရေးတို့အတွက် သင့်လျော်စွာ ပညာပေးခြင်း၊ သင်တန်းပေးခြင်းများ ပြုလုပ်နိုင်ရန် ပြည့်စုံသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန် လက်စွဲများ ထုတ်လုပ်သင့်သည်။ သို့မှသာ အလုပ်သမားများအနေဖြင့် အိမ်ရှင်နိုင်ငံတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစဉ်းကမ်းများကို နားလည်ကျွမ်းဝင်မှုရှိခြင်း၊ အန္တရာယ်ရှိသည့် ပစ္စည်းများကို မည် သို့ကိုင်တွယ်ရမည်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် အခြား အန္တရာယ်များကို မည်သို့ ဟန့်တားရမည် ဟူသည့် ဗဟုသုတ များ ရှိမည်ဖြစ်သည်။ ဤသို့ဖြင့် အလုပ်သမားတို့၏ ဥပဒေလိုက်နာခြင်းများ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရည် အသွေးများကို တိုးမြင့်နိုင်မည်ဖြစ်သည်။

၈။ ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ဖွံ့ဖြိုးရေး၊ ဆောက်လုပ်ရေး၊ ထုတ်လုပ်ရေးနှင့် လုပ်ငန်းဆောင်ရွက်ရေးတို့၏ သဘာဝပတ်ဝန်း ကျင်အပေါ် အကျိုးသက်ရောက်မှုများကို အိမ်ရှင်နိုင်ငံတို့၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လေ့လာသုံးသပ်ခြင်း နှင့် ထိုလေ့လာသုံးသပ်ခြင်းမှ ထွက်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်နိုင်ခြေများကို ရှောင် ရှားနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းများ ပြုလုပ်ရန် တိုက်တွန်းသည်။

၉။ ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ဖွံ့ဖြိုးရေး၊ ဆောက်လုပ်ရေး၊ ထုတ်လုပ်ရေးနှင့် လုပ်ငန်းဆောင်ရွက်ရေးတို့၏ သမိုင်းဝင်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှုခင်းများ၊ ဒေသခံ ရိုးရာများနှင့် ဓလေ့ထုံးတမ်းများ စသည့် လူမှုရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်များ အပေါ် အကျိုးသက်ရောက်မှုများကို အိမ်ရှင်နိုင်ငံတို့၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လေ့လာသုံးသပ်ခြင်း နှင့် ထိုလေ့လာသုံးသပ်ခြင်းမှ ထွက်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်နိုင်ခြေများကို ရှောင် ရှားနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းများ ပြုလုပ်ရန် တိုက်တွန်းသည်။

၁၀။ ညစ်ညမ်းမှုများကို ကာကွယ်ရန်နှင့် စီမံခန့်ခွဲရန် ကုမ္ပဏီများအနေဖြင့် ညစ်ညမ်းမှုများ ရှောင်ရှားနိုင်မည့် အဆောက် အအုံများကို အိမ်ရှင်နိုင်ငံတို့၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောက်လုပ်၊ အသုံးပြုသင့်သည်။ ညစ်ညမ်းသော လေ၊ ညစ်ညမ်းသော ရေ နှင့် အခြား ညစ်ညမ်းသော အမှိုက်များကို စွန့်ထုတ်ရာတွင်လည်း အိမ်ရှင်နိုင်ငံတို့၏ စည်းကမ်းသတ် မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သင့်သည်။

၁၁။ ဆောက်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရန် သတ်မှတ်ထားသည့် နယ်မြေများနှင့် ယင်း၏ နယ်မြေပတ်ဝန်းကျင် တို့၏ စီမံကိန်း၏ သဘာဝဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို စောင့်ကြည့်၊ လေ့လာ၊ သုံးသပ်နိုင်ရန် စီမံကိန်း မစတင်ခင်တွင် ထိုနယ်မြေနှင့် ဝန်းကျင်နယ်မြေတို့၏ အခြေခံ သဘာဝပတ်ဝန်းကျင်အခြေအနေများကို လေ့လာသုံးသပ်ခြင်း များပြုလုပ်သင့်သည်။

မိမိတို့ ညစ်ညမ်းမှုစွန်ထုတ်ခြင်းပမာဏနှင့်ပတ်သက်သည့် အချက်အလက်များကို အပြည့်အဝ ထိန်းချုပ်နိုင်ရန်နှင့် စောင့်ကြည့် လေ့လာခြင်းများကို မှတ်တမ်းပြုစုခြင်းများ ပြုလုပ်နိုင်ရန်တို့အတွက် ညစ်ညမ်းမှုစွန့်ထုတ်မှုများကို စောင့်ကြည့်ခြင်းများ ပြု လုပ်ရန် ကုမ္ပဏီများအား တိုက်တွန်းသည်။

၁၂။ ကုမ္ပဏီများအနေဖြင့် ဝယ်ယူခြင်းမပြုလုပ်ခင်တွင် ဝယ်ယူရန် ရည်ရွယ်ထားသည့် ကုမ္ပဏီများ၏ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ တာဝန်ယူမှုများ အထူးသဖြင့် အန္တရာယ်ရှိသည့် စွန့်ထုတ်ပစ္စည်းများ၊ အရင် စီမံကိန်းများမှ စွန့်ထုတ်ခဲ့သည့် ဆီနှင့် မြေအောက် ရေ ညစ်ညမ်းမှုများနှင့် သဘာဝပတ်ဝန်းကျင်အတွက် ပေးဆပ်ရန် လိုအပ်သည်အကြွေးများ စသည့်တို့ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးများ ပြုလုပ်ရန် တိုက်တွန်းသည်။ သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်သည့် ကျင့်စဉ်များကို ကျင့်သုံး ခြင်း၊ သဘာဝပတ် ဝန်းကျင်များ ထိခိုင်နစ်နာစေနိုင်ဖွယ်ရှိသည့် လုပ်ငန်းများကို ရှောင်ကျဉ်ခြင်းတို့ကို ပြုလုပ်သွားရန် ကုမ္ပဏီ များအား တိုက်တွန်းသည်။

၁၃။ ထုတ်လုပ်ရေးနှင့် လုပ်ငန်းလည်ပတ်ရေးတို့မှ ထွက်လာမည့် အန္တရာယ်ရှိသော စွန့်ထုတ်ပစ္စည်းများနှင့်ပတ်သက်သည့် စီမံခန့်ခွဲရေးများ လုပ်ငန်းစဉ်များ စီစဉ်ချမှတ်ထားသင့်သည်။ ထိုလုပ်ငန်းစဉ်များတွင် အန္တရာယ်ရှိသော စွန့်ထုတ်ပစ္စည်းများ စွန့် ထုတ်မှုနှုန်း လျှော့ချခြင်း၊ ထိုစွန့်ထုတ်ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပါဝင် သင့်သည်။

၁၄။ ကုမ္ပဏီများအနေဖြင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများ၊ လုပ်ငန်းသဘော သဘာဝ အပေါ်မူတည်၍ ဖြစ်ပေါ်လာနိုင်သည့် အခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်များကို လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များ ချမှတ်ထားသင့်သည်။ ဒေသခံအစိုးရများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဌာနများ၊ အရေးပေါ်ဖြစ်ရပ်ကြောင့် ထိခိုက်နစ်နာနိုင်ဖွယ်ရှိသည့် အများပြည်သူများ နှင့် တရုတ်နိုင်ငံရှိ ကုမ္ပဏီ၏ ဌာနချုပ်တို့ ကို အစီရင်ခံနိုင်ရန် အစီရင်ခံရေးနှင့် ဆက်သွယ်ရေးစနစ်များကို သတ်မှတ်ထားသင့်သည်။

အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေး အစီအစဉ်တွင် အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးအဖွဲ့၏ ဖွဲ့စည်းပုံ နှင့် တာဝန်ဝတ္တရားများ၊ ကြိုတင်ကာကွယ်ခြင်းနှင့် အသိပေးအကြောင်းကြားခြင်းစနစ်များ၊ လုပ်ထုံးလုပ်ငန်း၊ လုပ်ငန်းအစီအစဉ်နှင့် အရေးပေါ် အခြေအနေ အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စသည်တို့ ပါဝင်သင့်သည်။ ကုမ္ပဏီများကို အရေးပေါ်အခြေ အနေ စမ်း သပ်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် အစီအစဉ်များကို လိုအပ်ချက်အပေါ်မူတည်၍ သင့်လျော်စွာ ပြုပြင်ခြင်းများ ပြုလုပ်သွား ရန် တိုက်တွန်းသည်။

ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင်းဆိုင်ရာ အရေးပေါ်အခြေနေများကို သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ဖြေရှင်းနိုင် ရန်အတွက် သဘာသပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုင်ရာ အာမခံများကို ဝယ်ခြင်းများ ပြုလုပ်ရန် တိုက်တွန်းသည်။

၁၅။ ကုမ္ပဏီများအနေဖြင့် ဒေသအတွင်းရှိ ဇီဝလည်ပတ်မှုများကို အထူး ဂရုပြုသင့်သည်။ ထိန်းသိမ်းစောင့်ရှောက် သင့်သည့်၊ စီမံကိန်းကြောင့် ထိခိုက်နစ်နာမည့် တိရိစ္ဆာန်များနှင့် အပင်များကို အိမ်ရှင်နိုင်ငံ၊ ဒေသခံ လူမှုအသိုင်း အဝိုင်းတို့နှင့်ပူးပေါင်း၍ အထူး ဒေသတွင်း သို့မဟုတ် ပတ်ဝန်းကျင်အနီးအနားများတွင် ထိန်းသိမ်းစောင့်ရှောက်ရေး နယ်မြေများ သတ်မှတ်၍ ထိုနယ်မြေဒေသ၏ ဇီဝလည်ပတ်မှု၊ ကွဲပြားမှုများကို ထိခိုက်နစ်နာစေမည့် သက်ရောက်မှု များကို ရှောင်ရှားနိုင်သည်။

ရင်းနှီးမြုပ်နှံမှုများကြောင့် ဇီဝလည်ပတ်မှုများအပေါ် သက်ရောက်မှုများအတွက် ကုမ္ပဏီများအနေဖြင့် အိမ်ရှင်နိုင်ငံ တို့၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် အထွေထွေ ကျင့်ထုံးများကို အသုံးဖြစ်၍ ဇီဝကွဲပြားမှုများ ပြန် လည်ပျိုးထောင်ခြင်းများပြုလုပ်သွားရန် တိုက်တွန်းသည်။

၁၆။ လုပ်ငန်းအစောပိုင်းမှ စ၍ ညစ်ညမ်းမှုများကို ရှောင်ရှားနိုင်ရန်၊ အရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်း များကိုမြင့်တင်ရန်၊ ထုတ်လုပ်ရေးအပိုင်းများ၊ ဝန်ဆောင်မှုအပိုင်းများနှင့် ကုန်ပစ္စည်းများကို အသုံးပြုသည့်အပိုင်းများ တွင် ညစ်ညမ်းမှုများ ထုတ်လွှင့်ခြင်းများကို လျော့ချရန်၊ သန့်ရှင်းသည့်ထုတ်လုပ်ရေးများ၊ ကုန်ကြမ်းပစ္စည်းများကို ပြန်လည် သုံးစွဲခြင်းကိုပြုလုပ်ရန် ကုမ္ပဏီများအား တိုက်တွန်းသည်။

၁၇။ သဘာဝပတ်ဝန်းကျင့်နှင့် သင့်မြတ်သည့် ပစ္စည်းများကို အထူးပြုသုံးစွဲရန် “အစိမ်းရောင် ဝယ်ယူခြင်း” “green purchase” မူဝါဒများ ချမှတ်အကောင်အထည်ဖေါ်ရန် ကုမ္ပဏီများအား တိုက်တွန်းသည်။

မိမိတို့ထုတ်လုပ်သည့် ပစ္စည်းများအတွက် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးစနစ်ဆိုင်ရာ အဆင့်အတန်းများ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆင့်အတန်းများအတွက် လျှောက်ထားခြင်းများကို ပြုလုပ်ရန် ကုမ္ပဏီများကို တိုက် တွန်းသည်။

၁၈။ ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ များနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်းနှင့် အကောင်အထည်ဖေါ် ဆောင်ရွက်ထားခြင်းတို့၏ ဤခြေအနေများ ကို အစီရင်ခံ ထုတ်ပြန်ခြင်းများ ပုံမှန် ပြုလုပ်သွားရန် ကုမ္ပဏီများအား တိုက်တွန်းသည်။

၁၉။ အိမ်ရှင်နိုင်ငံတို့၏ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီများနှင့် ဆက်စပ်ဆောင်ရွက်ရေး၊ ဆက်သွယ်ရေးများ ပိုမိုအားကောင်းလာစေရန်ဆောင်ရွက်ခြင်းများ၊ မိမိတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် ထို အေဂျင်စီများ၏ အကြံဉာဏ်များ၊ တိုင်ပင်ဆွေးနွေးမှုများအတွက် တက်ကြွစွာပြုလုပ်ဆောင်ရွက်ရန် ကုမ္ပဏီများအား တိုက်တွန်းသည်။

၂၀။ ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုများနှင့်ပတ်သက်သည့် ပြန်ကြားရေးဆိုင်ရာ နည်းနာများ၊ လမ်း ကြောင်းများကို တည်ဆောက်ရန်၊ ကုမ္ပဏီနှင့် ဒေသခံလူထုနှင့် အဖွဲ့ အစည်းတို့အကြား ဆက်ဆံရေးနှင့် ဆက်သွယ်ရေးများ ပိုမိုခိုင်မာလာစေ ရေးအတွက် တက်ကြွစွာဆောင်ရွက်ရန် နိုးဆော်သည်။ အိမ်ရှင်နိုင်ငံတို့၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင် ရွက်သည့် ဆောင်လုပ်ရေးစီမံကိန်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိ ခိုက်မှုများနှင့်ပတ်သက်၍ အကြံဉာဏ်များ ရယူရနိုင်ရန် ဆွေးနွေးပွဲများ၊ လူထုစုဝေးပွဲများ ကျင်းပခြင်းများ ပြုလုပ်သင့်သည်။

၂၁။ ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခြင်း နှင့် အထောက်အကူပြုခြင်း၊

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အမြင်သဘောထားများကို မြင့်တင်ခြင်း နှင့် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက် သည့် ကုမ္ပဏီ၏ အမည်ကောင်းတည်ဆောက်ခြင်း စသည်တို့ကို ပြုလုပ်ရန် တိုက်တွန်းသည်။

၂၂။ နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး အဖွဲ့အစည်းများ မှ ချမှတ်ထားသော အခြေခံမူများ၊ အဆင့်အတန်းများနှင့် ကျင့်စဉ်များကို ကုမ္ပဏီများအနေဖြင့် လေ့လာဆည်းပူးရန် တိုက်တွန်းသည်။

(Unofficial translation by Ying Lao)